# ပျံ့နှံ့ သတင်းများ




## ရိုဟင်ဂျာတုံ့ပြန်မှုဆိုင်ရာ ကောလဟာလ ခြေရာခံစစ်ဆေးခြင်း - စာစောင် နံပါတ် ၄ - ၂၀၁၈ ဒီဇင်ဘာလ


ပျံ့သန်းသတင်းများ (Flying News)၊ ကောလဟာ နောက်ယောင်ခံခြင်းစာစောင် ၏ စတုတ္ထပိုင်းမှ ကြိုဆိုပါသည်။ Flying News စာစောင် သည် လူသားချင်းစာနာထောက်ထားမှ အကူအညီပေးရေး အဖွဲ့အစည်းများနှင့် ဒုက္ခသည်များကြား သတင်းအချက်အလက် ကွာဟမှုအား လျှော့ချရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ လူထု၏ ထင်မြင်ယူဆချက်များနှင့် လက်ရှိဖြစ်ပေါ်နေသော ကောလဟာသများကို ထဲထဲဝင်ဝင်စူးစမ်းရှာဖွေပေါ်သည်။ ကွင်းဆင်းဝန်ထမ်းများ နှင့် စတေနှာ့ဝန်ထမ်းများအား လက်ရှိပျံ့ နှံ့နေသောကောလဟာလများအကြောင်း အတိုချုပ်ရှင်းပြပြီး ယင်းတို့ကို တုံ့ပြန်ရန်အတွက် ဆက်စပ်သောအချက်များပေးအပ်ခြင်းဖြင့် ဤစာစောင်က လက်ရှိဖြစ်ပေါ်နေသော စိုးရိမ်ပူပန်စရာများကိုဖြေရှင်းပြီး ဒုက္ခသည်များ၏လိုအပ်ချက်များကို ပိုမိုနားလည်စေရန် နှင့် ကောလဟာလများက အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေမီ ယင်းတို့ကို ရင်ဆိုင်ဖြေရှင်းရာတွင် ကူညီရန်ရည်ရွယ်ပါသည်။

ထုတ်ဝေမှု အမှတ်စဉ် ၄ က ကောလဟာလများ၊ အချက်အလက်မှားများ၊ မေးခွန်းများ နှင့် မှတ်ပုံတင်အိုင်ဒီကတ်များ (စမာ့တ်ကတ်များဟုလည်း သိကြသည်) အတည်ပြုခြင်း နှင့် စခန်းများအတွင်း ကျန်းမာရေးနှင့်ပတ်သက်သည့် လက်ရှိခံယူချက်များအပေါ် အာရုံစူးစိုက်ပါသည်။ ဓာတ်ပုံ ကိုယ်ရေးအတိုင်းအတာဖြင့် မှတ်ပုံတင် စာရင်းသွင်းသည့် လုပ်ငန်းစဉ်အကြောင်း ကြေငြာပြီးကြတည်းက ဒေတာမျှဝေခြင်း နှင့် ရိုဟင်ဂျာလူမျိုးမှတ်ပုံတင်ကို အသိအမှတ်ပြုခြင်း အကြောင်းချင်းရာများကြောင့် စခန်းများတခွင်လုံး တင်းမာမှုရှိနေခဲ့သည်။ စခန်းအတော်များများအတွင်း လတ်တလော မှတ်ပုံတင်စာရင်းသွင်းရန် အားထုတ်မှုက UNHCR စမာ့တ်ကတ် (smart card) များနှင့် ပတ်သက်ပြီးစိုးရိမ်ပူပန်စရာများ နှင့် ကောလဟာလများဖြင့် မီးပွားများဖြစ်ခဲ့သည်။ စခန်းများတွင်ရရှိသော ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးအပေါ် စိုးရိမ်ပူပန်စရာများကလည်း မြင့်တက်လာနသေည်။

ယခုစာစဉ်အတွင်းဖော်ပြထားသော ကောလဟာလများ နှင့် ကိစ္စရပ်များကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့နှင့် ဒီဇင်ဘာလ ၂၂ ရက်နေ့ အတွင်း လူ ၂၇၄၆ ဦးဖြင့် မျက်နှာချင်းဆိုင် စကားပြောဆိုဆွေးနွေးမှုပေါ် အခြေခံလျက် အင်တာနယူးစ် (Internews) မှ ကွင်းဆင်းဝန်ထမ်းနှင့် စတေနှာ့ဝန်ထမ်း လုပ်အားပေးများက ကောက်ခံစုဆောင်း ထားပါသည်။ ဒေတာများကို ကရိယာအသုံးပြုကာ စုဆောင်းထားသည့်အပြင် ခေါင်းစဉ်ရွေးချယ်မှုကို လွှမ်းခဲ့သော လေးလ တလျှောက်လုံး ရိုဟင်ဂျာဆိုင်ရာတုံ့ပြန်လှုပ်ရှားသူများက ဖော်ပြခဲ့သော သီးခြားကိစ္စရပ်များပေါ်မူတည်ပြီးစိုးရိမ်ပူပန်စရာ များပေါ်ပေါက်ဖြစ်ပေါ်မှုဖြင့် ဆုံးဖြတ်ထားပါသည်။




တုံ့ပြန်သူများအကြား ယောင်ကျားမိန်းမ ဖြန့်ကျက်မှု
[စုစုပေါင်း= ၂၇၄၆ ဦး]




စခန်း နံပါတ်မှာ

## ကဗာလဟာလ နံပါတ် ၁ မှတ်ပုံတင်လုပ်ငန်းစဉ်ဖြည့်ခြင်း နှင့် စမာ့တ်ကတ်က လက်ခံခြင်းတို့က အများမခံနိုင်သော ကိုယ်ရေးကိုယ်တာအချက်အလက်များကို မြန်မာအစိုးရနှင့် မျှဝေဖို့ခွင့်ပြုပါလိမ့်မယ်၊

“UNHCR က စမာ့တ်ကတ် အတွက် အချက်အလက်အားလုံးစုဆောင်းပြီး အဲဒီစာရင်းကို မြန်မာအစိုးရဆီပေးမယ်လို့ ကျွန်တော်တို့ ခံစားရတယ်"။ -(အမျိုးသား၊ အသက် ၆၀ နှစ်၊ စခန်း 1W)

"ကုတုပါလောင် လမ်ဘာရှီယာ (Kutupalong Lambashiya) မှာ UNHCR က စမာ့တ်ကတ်တွေ အရင်ဆုံး ပေးမယ်လို့ လူတွေကေ ပြောနေကြတယ်။ ပြီးတော့ အဲဒီစာရင်းကို သူတို့က မြန်မာအစိုးရကို ပေးလိုက်မှာ။ အဲဒါပြီးရင် ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ အစိုးရက တစ်ရက်ကို ဒုက္ခသည် အယောက် ၃၀၀ ခေါ်လိမ့်မယ်။ ဒီကတ်တွေကို သူတို့ပေးတာက ကျွန်တော်တို့ကို ပြန်ခေါ်ဖို့ပဲ။ တကယ်လို့ သူတို့က ကတ်တွေကိုယူအောင် ကျွန်တော်တို့ကို တွန်းအားပေးလို့ရရင် ကျွန်တော်တို့ကို လက်စားချေဖို့လည်း သူတို့တွန်းအားပေးနိုင်မှာပဲ။" -(အမျိုးသား၊ ၂၁ နှစ်၊ စခန်း 1E)

## အဖြေများ

UNHCR ၏အဆိုအရ မှတ်ပုံတင်ခြင်း/ခွဲခြားသတ်မှတ်ခြင်းတို့သည် အချက်အလက်များကို ပြင်ဆင်ရန် နှင့် သင့်တင့် လျောက်ပတ်သောအထောက်အကူများ အလုံမ်းမီရရှိကြောင်းသေချာစေရန် မှတ်တမ်းများ ထုတ်ပေးရန် နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်း နေထိုင်နေချိန်အတောအတွင်း ရိုဟင်ဂျာလူမျိုးများဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာအောင်ပြုလုပ်ရန် ဖြစ်သည်။ မှတ်ပုံတင်လုပ်ငန်းစဉ်အတွင်း ပေးအပ်ခဲ့သောအချက်အလက်များကို အစောပိုင်းတွင် MOHA ၏ ဓာတ်ပုံ ကိုယ်ရေးအတိုင်းအတာဖြင့် မှတ်ပုံတင်ချိန်အတောအတွင်း တစ်ဦးချင်းစီထံမှ ကောက်ယူစုဆောင်းခဲ့သော အချက်အလက် များကို ပြင်ဆင်ရာတွင် နှင့် မိသားစုအရေအတွက်ကောက်ခံသည့်လုပ်ငန်းတွင် အသုံးပြုပါလိမ့်မည်။ MOHA (အဖြူရောင်) နှင့် မိသားစုအရေအတွက် (အဝါရောင်) ကတ်များကို အစားထိုးမည့် မှတ်ပုံတင်အသစ်အတွက် UNHCR က လက်ဗွေရာများ၊ ဓာတ်ပုံများ နှင့် သူငယ်အိမ်စကန်များကို စုဆောင်းပါလိမ့်မည်။ မှတ်ပုံတင်အသစ်ကို ဘင်္ဂလားဒေ့ရှ်အစိုးရက တံဆိပ်နှိပ်ပေးပြီးရေရှည်အသုံးပြုရန်အတွက် ရည်ရွယ်ထားပါသည်။ ယင်း မှတ်ပုံတင်ကတ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း နေထိုင်နေခိုက် အကာအကွယ်ပေးမည်ဖြစ်ပြီးအထောက် အပံ့တစ်ခုခုလက်ခံရရှိရန်အတွက် အခြေခံအနေဖြင့် အသုံးပြုမည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ကောက် ခံရရှိခဲ့သောအချက်အလက်၏တစ်စိတ်တစ်ပိုင်းကို မည်သူမည်ဝါဖြစ်ကြောင်း နှင့် နေရပ်ပြန်ပိုင်ခွင့်ကို ဖော်ထုတ်သတ်မှတ်ရန် ကတ်ပိုင်ရှင်၏ခွင့်ပြုသဘောတူညီချက်ဖြင့်သာ မြန်မာအစိုးရဖြင့် မျှဝေကောင်း မျှဝေနိုင်ပါသည်။

မြန်မာနိုင်ငံသို့ပြန်ခြင်းက အချိန်ကျပြီးအနေအထားမှန်သောအချိန်မှသာ ဖြစ်ပေါ်ပါလိမ့်မည်။ မြန်မာနိုင်ငံသို့ ပြန်လည် ရွှေ့ပြောင်းခြင်းက ရိုဟင်ဂျာများ၏ စိတ်ဆန္ဒအလျောက်ရွေးချယ်မှုအပေါ် မူတည်ရမည် - လူပုဂ္ဂိုလ်တစ်ဦးချင်းစီက နေရပ်ပြန်ခြင်းက ဘေးကင်းသည်ဟု ထင်သောအချိန်မှသာ။ ဘင်္ဂလားဒေ့ရှ် အစိုးရက ယင်းအား သဘောတူပါသည်။ လူတစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ပြန်ရန် ကျိုးကြောင်းသိရှိပြီး စိတ်ဆန္ဒအလျောက်ဆုံးဖြတ်ချက်ချကြောင်း သီးသန့်တွေ့ဆုံ မေးမြန်းမှုတစ်ခု၌ အတည်ပြုခြင်းအပါအဝင် သင့်တင့်လျောက်ပတ်သောလုပ်ထုံးလုပ်နည်းတစ်ခု မပါပဲ မည်သူတစ်ဦး တစ်ယောက်ကိုမှ မြန်မာနိုင်ငံသို့ ပြန်မပို့ရန် ဘင်္ဂလားဒေ့ရှ်အစိုးရ နှင့် UNHCR တို့က သဘောတူညီချက်တစ်ခုကို လက်မှတ်ထိုးခဲ့ပြီးဖြစ်သည်။

# စိုးရိမ်ပူပန်မှု နံပါတ် ၁  စမတ်ကတ် နှင့် အန်ဗွီစီ (NVC) ကတ်အကြား ခြားနားချက်အပေါ် ဝခွဲမရနိုင်မှု

“တကယ်လို့ ကျွန်တော်တို့က စမတ်ကတ်ကိုယူရင် ကျွန်တော်တို့ကို မြန်မာနိုင်ငံဖက် ပြန်ပို့မှာ။ ကျွန်တော်တို့က မြန်မာနိုင်ငံမှာရှိတုန်းကလည်း NVC ကတ်ကို မယူခဲ့ဘူး၊ ဒါကြောင့် ကျွန်တော်တို့ တော်တော်ဒုက္ခရောက်ခဲ့ကြတယ်။ စမတ် ကတ် နဲ့ NVC ကတ် ကြားခြားနားတာ ဘာတစ်ခုမှ ကျွန်တော်တို့ မတွေ့ဘူး။တကယ်လို့ NVC ကတ်ကို ကျွန်တော်တို့ယူခဲ့လို့ရှိရင် ဘာဖြစ်လို့ ဒီကိုလာနေဦးမှာလဲ”။ -(အမျိုးသား၊ ၄၂ နှစ်၊ စခန်း 4)

"စမတ်ကတ် နဲ့ NVC ကတ် ဘယ်လိုကွာတယ်ဆိုတဲ့အဖြေ ကျွန်တော်တို့ရတဲ့အထိ စမတ်ကတ်က ဘာလဲ၊ သူကိုယူရင် ဘယ်လိုအကျိုးကျေးဇူးတွေရှိမှာလဲ၊ တကယ်လို့ မယူခဲ့လို့ရှိရင် ဘာဖြစ်မှာလဲ၊ သူတို့က ဘာဖြစ်လို့ အဲဒီကတ်ထဲမှာ ရိုဟင်ဂျာဆိုတာကို မဖော်ပြတာလဲ၊ တကယ်လို့ အဲဒီကတ်ကိုယူရင် ကျွန်တော်တို့ကို မြန်မာနိုင်ငံကိုပြန်ပို့နိုင်လား၊ ဒါဆိုရင် အဲဒီကတ်ကို ကျွန်တော်တို့မယူတော့ဘူး”။ -(အမျိုးသား၊ ၄၀ နှစ်၊ စခန်း 3)

## အဖြေများ

ရိုဟင်ဂျာလူမျိုးများက "စမတ် (smart) ကတ်" ဟုရည်ညွှန်းသည့် ကတ်သည် လူတစ်ဦးချင်းစီအတွက် မှတ်ပုံတင် သို့မဟုတ် အိုင်ဒီ (ID) ကတ်တစ်ခု ဖြစ်ပါသည်။ ယင်းက လူတစ်ဦး၏ နောက်ဆုံးအချက်အလက်ပါဝင်သည့် တစ်မူထူးခြားသောကတ်တစ်ခုဖြစ်သည်။  လူတိုင်းလူတိုင်း စမတ်ကတ်အသစ်တစ်ခု လိုအပ်ပါလိမ့်မည်။  သင်တို့၏ ယခင် အိုင်ဒီကတ်ကို ဘင်္ဂလားဒေ့ရှ် အစိုးရက ပေးခဲ့ခြင်းဖြစ်သည်။ အိုင်ဒီကတ်အသစ်အတွင်း "ရိုဟင်ဂျာ (Rohingya)" ဟူသည့် စကားလုံးကိုရေးရန်တောင်းဆိုမှုများကိုဆွေးနွေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်ဝန်ထမ်းအမျိုးမျိုးပါဝင်သော ဘင်္ဂလားဒေ့ရှ်အစိုးရက ဒါကာတွင် တွေ့ဆုံခဲ့ပါသည်။   ကုလသမဂ္ဂ (UN) က ကမ္ဘာတစ်ဝှမ်းရှိ ဒုက္ခသည်များအား အိုင်ဒီကတ်များ ပေးအပ်ခဲ့ပါသော်လည်း မည်သည့် အိုင်ဒီကတ်များအတွင်းတွင်မှ အသိုင်းအဝိုင်းတစ်ခု၏ အမည် သို့မဟုတ် မျိုးနွယ် သို့မဟုတ် မည်သည့်တိုင်းရင်းသားဖြစ်ကြောင်း ဘယ်တော့မှမပါသလို မည်သည့်ဘာသာကိုးကွယ်ကြောင်းလည်း မပါဝင်ပါ။  ယင်းသို့လုပ်ခြင်းက လျှို့ဝှက်သိုသိပ်မှုဆိုင်ရာစိုးရိမ်စရာများ နှင့်ဆက်စပ်သည့် ခွဲခြားဖော်ပြသော မှတ်တမ်းများ အတွက် အပြည်ပြည်ဆိုင်ရာအဆင့်အတန်းများနှင့် ဆန့်ကျင့်ဖက်သွားနိုင်ပါသည်။ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အိုင်ဒီများပေါ်တွင် မျှဝေဖော်ပြရန်ခွင့်မပြုပြီ ကတ်ပိုင်ရှင်၏ မျိုးနွယ် (ယခုကိစ္စတွင် ရိုဟင်ဂျာလူမျိုး) ဟူသော ခွဲခြားဖော်ပြချက်ကို ထည့်သွင်းခြင်းက မပါရှိနိုင်သည့် သိမ်မွေ့သောအချက်အလက်ဖြစ်စေပါသည်။   UNHCR က ဒုက္ခသည်များဖြင့် အလုပ်လုပ်ပြီးယင်းဒုက္ခသည်များအား မှတ်ပုံတင်စာရင်းသွင်းပေးသည့် နိုင်ငံပေါင်း ၁၁၀ ကျော်ရှိပါသည်။   မည်သည့်နေရာတွင်မှ UNHCR က အသိုင်းအဝိုင်းအမည် သို့မဟုတ် မျိုးနွယ်စုအမည်ပါဝင်သော ကတ်များကို မထုတ်ပေးခဲ့ပါ။  ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း ယင်းအကြောင်းချင်းရာနှင့် ဆက်စပ်သည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များအတိုင်း လိုက်နာရပါမည်။

ထပ်ဆောင်းပြီးစမတ်ကတ်များပေါ်တွင် "ဒုက္ခသည် (refugee)"ဟူသော စကားလုံးပေါ်မည် မပေါ်မည်ကို အချို့သော အသိုင်းအဝိုင်းမှအဖွဲ့ဝင်များကမေးကြသည်။  ကတ်များပေါ်တွင် "UNHCR မှ စိတ်ပူရသောသူ (Person of concern to UNHCR)" ဟု ဆိုမည်ဖြစ်ကြောင်း UNHCR နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရကဆုံးဖြတ်ပြီးဖြစ်သည်၊ ဆိုလိုသည်မှာ ကတ်ကိုင်ဆောင်သူ လူပုဂ္ဂိုလ်တစ်ဦးသည် UNHCR နှင့် ဆက်စပ်သူတစ်ဦးဖြစ်သည်ဟု ဆိုလိုပါသည်။  UNHCR က လူ အမျိုးအစား ၅ အုပ်စု - ခိုလှုံရာရှာဖွေသူများ၊ ဒုက္ခသည်များ၊ နိုင်ငံမရှိသော လူပုဂ္ဂိုလ်များ၊ ရွှေ့ပြောင်းဒုက္ခသည်များ နှင့် နေရပ်ပြန်လာသူများ ဖြင့် အလုပ်လုပ်ပါသည်။  ယင်း လူအမျိုးအစား ၅ အုပ်စုအား UNHCR နှင့် ဆက်စပ်သော လူပုဂ္ဂိုလ်များဟု သတ်မှတ်ပါသည်။  စမတ်ကတ်များက မြန်မာနိုင်ငံတွင်းရှိ တရားဥပဒေ နှင့် နိုင်ငံသားအဆင့်အတန်း နှင့်ဆက်စပ်သော မြန်မာနိုင်ငံတွင်း နိုင်ငံသား ခွဲခြားစိစစ်ရေးကတ်များ (National Verification Cards) (NVC) နှင့် လုံးလုံးလျားလျားကွဲပြားပါသည်။ စမတ် စိစစ်ရေးကတ် (ID) က ကတ်ကိုင်ဆောင်သူ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အဆင့်အတန်း  နှင့် ၎င်းတို့၏ UNHCR နှင့် တွယ်ဆက်မှုကို ရည်ညွှန်းပါသည်။

နောက်ထပ်အချက်အလက် လိုအပ်ပါသလား။

သင့်တွင် စမတ် အိုင်ဒီကတ်များ နှင့်ပတ်သက်၍ UNHCR အတွက်နောက်ထပ်မေးစရာများရှိနေပါက ၎င်းတို့အားဖုန်းနံပါတ် +88 01703593300 တိုက်ရိုက်မေးမြန်းနိုင်ပါသည်

# ကလေးဟာလ နံပါတ် ၂ စခန်းတွင်း ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် အကျိုးသက်ရောက်မှုမရှိပဲ မှားယွင်းသောဆေးများကို ပေးခြင်း

"ပြီးခဲ့တဲ့ တစ်နှစ်အတွင်း သွေးတိုးရောဂါ ကျွန်တော်ခံစားနေရတယ်။ ဆေးရုံကပေးတဲ့ ဆေးကို ကျွန်တော်သောက်နေတယ်၊ ဒါပေမယ့် ဘာမှမတိုးတက်ဘူး။ သူတို့ပေးတဲ့ဆေးက အလုပ်မလုပ်ဘူး။ -(အမျိုးသား၊ ၇၀ နှစ်၊ စခန်း 1W)

"တကယ်လို့ ကျွန်မတို့ နေမကောင်းဖြစ်လို့ ဆေးရုံကိုသွားရင် သူတို့က ကျွန်မတို့ကို အဲဒီရောဂါအတွက်ဆေးမပေးဘူး။ သူတို့က ကျွန်မတို့ကို သေသေချာချာမကြည့်သလို ပြောတာကိုလည်း နားမထောင်ဘူး။ အဲဒီမှာ ကျွန်မတို့ တစ်နေကုန်စောင့်ရတယ်။ တကယ်လို့ ကျွန်မတို့ အရမ်းနေမကောင်းရင် ဆေးတစ်ချို့ပေးပြီး ဆေးရုံကနေထွက်သွားဖို့ပြောတယ်။ ကျွန်မတို့ ဆေးရုံကောင်းကောင်းတစ်ခု လိုနေတယ်"။ -(အမျိုးသမီး၊ ၄၉ နှစ်၊ စခန်း 3)

"ရောဂါတစ်ခုခုရှိလို့ ကျွန်မတို့ဆေးရုံကိုသွားတိုင်း သူတို့က ကျွန်မတို့ကို ပါရာစီတမောလ် ပဲပေးတယ်။ တကယ်လို့ ကျွန်မတို့က ပိုပြီးကောင်းတဲ့ဆေးတောင်းလို့ရှိရင် အပြင်မှာဝယ်ဖို့ပြောတယ်၊ ပြီးတော့ဆေးစာရေးပေးတယ်။ ကျွန်မတို့ဆီမှာ ပိုက်ဆံမရှိဘူး၊ အပြင်မှာ ဘယ်လိုဝယ်နိုင်ပါ့မလဲ"။ -(အမျိုးသမီး၊ အသက် ၃၈ နှစ်၊ စခန်း 2W)

"တကယ်လို့ ဒီဆေးတွေက ရောဂါပျောက်အောင်မကုနိုင်ရင် ကျွန်မတို့ကို ဒီဆေးတွေ ဘာလို့ပေးနေတာလဲ"။
-(အမျိုးသမီး၊ အသက် ၃၀ နှစ်၊ စခန်း 1E)

## အမြင်

စခန်းများတွင် လူနာများအား အကျိုးသက်ရောက်မှုမရှိသည့်ဆေးများ ပေးနေမှုနှင့်ပတ်သက်သည့် စိတ်ပူပန်စရာကို ဂိုနိုရှစ်သယာကန်ဒရို (Gonoshasthaya Kendro) မှ ဒါရိုက်တာဖြစ်ပြီးညှိနိုင်းလုပ်ဆောင်သူ မစ္စ နာစီမာ ရက်စမင်း (Ms. Nasima Yasmin) က တုံ့ပြန်ဖြေရှင်းခဲ့သည်။ သူမက ဆရာဝန်များသည် လူနာများအား ရောဂါအမည်တပ်ပြီးမှသာလျှင်ဆေးပေးကြောင်း အခိုင်အမာဆိုသည်။ သာမန်နေထိုင်မကောင်းဖြစ်မှုအတွက် ပေးသောဆေးဝါး အတော်များများက အတူတူဖြစ်သလို ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ချောင်းဆိုးခြင်းများအတွက်လည်း အတူတူဖြစ်ဟန် ရှိနိုင်ပါသည်။ အချို့သောကိစ္စရပ်များ၌ နာမကျန်းဖြစ်ပုံအတူတူတွင် ကလေးများကို ဆေးရည်တစ်မျိုးပေးပြီး လူကြီးများကို ဆေးလုံးဆေးပြားတစ်မျိုးဖြင့် ကုသမည်ဖြစ်သည်။ ယင်းတို့က ပုံစံမတူညီသော်လည်း ဆေးဝါးအမျိုးအစား အတူတူ ဖြစ်သည်။ ပါရာစီတမောလ်ဆေးက အဖျားကျအောင်လုပ်သော်လည်း နာကျင်မှုတွင်လည်း အလုပ်လုပ်သည့်အတွက် ကိစ္စရပ်အတော်များများတွင် ယင်းကိုညွှန်းနိုင်ပါသည်။ အကြောင်းရပ်မတူညီသည့် လူနာများတွင် ဆေးဝါးအမျိုးအစား အတူတူပေးခြင်းက ကျန်းမာရေးဌာနများတွင် ဆေးဝါးများမရှိသောကြောင့်ဟု မဆိုလိုပါ။ အချို့အချိန်များ၌ ဘာသာစကား အဟန့်အတားက ရိုဟင်ဂျာအသိုင်းအဝိုင်းနှင့် ပြောဆိုဆက်သွယ်ရာတွင် သက်ရောက်နိုင်သောကြောင့် နားလည်မှု လွဲမှားမှုများ ရှိစေနိုင်သည်ဟုလည်း နာစီမာ ရက်စမင်း (Nasima Yasmin) က မှတ်ချက်ချခဲ့သည်။ ရောဂါအမည်တပ်ပြီးဆေးဝါးညွှန်ကြားချိန်တွင် ဆရာဝန်များက ၎င်းတို့၏လူနာများအား ၎င်းတို့၏ရောဂါမှသီးခြားပြဿနာများအကြောင်း ရှင်းပြရန် နှင့် မည်သည့်အတွက်ကြောင့် ယင်းဆေးကိုပေးရကြောင်းရှင်းပြရန် ကြိုးစားပါလိမ့်မည်။ ဆေးဝါးကုန်ခမ်းမှုမျိုး တွေ့ရဖို့ ရှားပါးသော်လည်း အဖွဲ့အစည်းတစ်ခုအတွင်း ဆေးဝါးကုန်ခမ်းခြင်းမျိုးရှိပါက လူနာတစ်ဦးအား အခြား ဆေးဝါးစောင့်ရှောက်ရေးဌာနသို့ ညွှန်းပေးနိုင်ပါသည်။ ရိုဟင်ဂျာများက ယင်းကိစ္စကို အကြိမ်ကြိမ်တင်ပြခဲ့သဖြင့် ဒုက္ခသည် များရင်ဆိုင်ရသည့် ပြဿနာများအားလုံးကို ကျွန်ုပ်တို့တတ်နိုင်သလောက်လျော့ပါးစေကြောင်း သေချာစေရန် ဆရာဝန်များ နှင့် ကျန်းမာရေးကဏ္ဍမှ ဝန်ထမ်းများက ယင်းစိတ်ပူပန်စရာများကို အစည်းအဝေးများနှင့် အခြားကဏ္ဍများမှ အစည်းအဝေး များတွင် အမည်တပ်ပြောဆိုရန် လုပ်ဆောင်မည်ဖြစ်သည်၊ သို့မှသာ ၎င်းတို့အလိုရှိသည့် ဝန်ဆောင်မှုများကို ၎င်းတို့လိုအပ်သလို အလှမ်းမီရရှိနိုင်ပါသည်။

# စိုးရိမ်ပူပန်မှု နံပါတ်၂ - ကောင်းကောင်းမွန်မွန်ဆက်ဆံမခံရခြင်း

"ဘာဖြစ်လို့ ကျွန်မတို့အပေါ် ကောင်းကောင်းမွန်မွန် ပြုမူဆက်ဆံမှု မလုပ်တာလဲ။ ကျွန်မတို့ ဆေးရုံသွားတိုင်း လူတိုင်းက ကျွန်မတို့ကို တခြားကမ္ဘာကဂြိုဟ်သားတွေလို ပြုမူဆက်ဆံကြတယ်"။
-(အမျိုးသမီး၊ ၂၃ နှစ်၊ စခန်း 7)

## အဖြေ-

ကျန်းမာရေးဌာနများတွင်ရရှိသည့် ကုသမှုအပေါ် ဒုက္ခသည်များ၏စိတ်ပူပန်စရာများကို တုံ့ပြန်သည့်အနေဖြင့် မစ္စ နာစီမာ ရက်စမင်းက ကျန်းမာရေးဌာန၏လိုက်နာရန်လုပ်ထုံးများက လူနာများနှင့် မည်သို့ပြန်လှန်ပြောဆိုဆက်ဆံမှု လုပ်ရမည်ကို အသိပေးကြောင်း ဖော်ပြခဲ့သည်။ ဆေးကုဌာနတစ်ခုစီတွင် လိုအပ်သောအထောက်အပံ့နှင့်ကုသမှု ရရှိရန် ဆရာဝန်များကိုအ လွမ်းမိုးရရှိနိုင်သော်လည်း လူနာများနှင့် ပြန်လှန်ဆက်ဆံရန်အတွက် လမ်းညွှန်များအတိုင်း ကပ်ငြိလိုက်နာရပါမည်။ ဆရာဝန်များက ရိုဟင်ဂျာဒုက္ခသည်များအား တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကိုယ်ဝန်မဆောင်မီ စောင့်ရှောက်မှု၊ မိသားစု စီမံကိန်း နှင့် လိုအပ်သော ဆေးကာကွယ်ဆေးများ နှင့်စပ်လျဉ်းပြီး လမ်းညွှန်များ ပေးအပ်ပါသည်။ **အချို့သော ဒုက္ခသည်များက ဆရာဝန်များသည် လူများကလေးရရှိနိုင်စွမ်းကို ထိန်းချုပ်ရန် ကာကွယ်ဆေးများကို အသုံးပြုသည် သို့မဟုတ် ယင်းဆေးများကနောက်ယောင်ခံ လိုက်ရန်ကိရိယာအဖြစ် အလုပ်လုပ်သည်ဟုထင်ကြသော်လည်း ယင်းကမမှန်ကန်ပါ။** ယင်းကောလဟာလများ လျော့ကျစေရန် ဆရာဝန်များက ၎င်းတို့၏လုပ်ရှားမှုများအကြောင်းကို **မာဂျီများ၊ ရပ်ကွက်ခေါင်းဆောင်များ၊ အင်မမ်များ နှင့် ရိုဟင်ဂျာအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် တိုက်ရိုက်စေ့စပ်လုပ်ကိုင်ပါသည်။** ၂၀၁၈ ခုနှစ်အတွင်း **ဂါနာရှာ့စ်သယာ ကန်ဒရို (Ganashasthaya Kendro) နှင့်အလုပ်လုပ်ရန် ရိုဟင်ဂျာအသိုင်းအဝိုင်းမှ ကျန်းမာရေးစေတနာ့ဝန်ထမ်း ၇၈ ဦး၊ စိတ်လူမှုရေးဆိုင်ရာစေတနာ့ဝန်ထမ်း ၄၅ ဦး၊ အစောင့်၊ လုံခြုံရေးဝန်ထမ်း နှင့် သန့်ရှင်းရေး ၅၆ ဦးတို့ကို အလုပ်ခန့်အပ်ခဲ့ပါသည်။ ဂါနာရှာ့စ်သယာ ကန်ဒရို အပါအဝင် ကျန်းမာရေးဌာနများအားလုံးက ရိုဟင်ဂျာလူမျိုးများအား လိုအပ်သောသင်တန်းများ နှင့် ဦးဆောင်မှုအကြောင်းသိရှိစေသည့် ဆက်ရှင်များပေးခြင်းဖြင့် ၎င်းတို့၏လုပ်ငန်းအော်ပရေးရှင်းများတွင် ပါဝင်လုပ်ဆောင်စေခဲ့သည်၊ သို့မှသာ ၎င်းတို့၏အသိုင်းအဝိုင်းအတွင်း သတင်းများဖြန့်ပေးနိုင်ပြီး ကောလဟာလများကို တုံ့ပြန်နိုင်ပါသည်။**

### နောက်ထပ်အချက်အလက် လိုအပ်ပါသလား။

အကယ်၍ သင့်ထံတွင် ကျန်းမာရေးဝန်ဆောင်မှုများ သို့မဟုတ် ကျန်မာရေးနှင့်ဆက်စပ်သော ပြဿနာများနှင့်စပ်လျဉ်း၍ မည်သည့်မေးခွန်းမဆိုရှိပါက **ဂါနာရှာ့စ်သယာ ကန်ဒရို (Ganashasthaya Kandro) အတွင်း** စခန်း 1 E၊ စခန်း 1W၊ **စခန်း 2W၊ စခန်း 4 (စင်တာ ၂ခု)၊** စခန်း 4 အခွဲ၊ စခန်း 6၊ စခန်း 2W၊ **ကုတုပါလောင် (Kutupalong) မှတ်ပုံတင်စခန်း**၊ စခန်း 11 (စင်တာ ၂ ခု)၊ စခန်း 23၊ 26 နှင့် **နယားပါရ (Nayapara) မှတ်ပုံတင်စခန်း** ရှိ ကျန်းမာရေးဌာနများဖြင့် တိုက်ရိုက်ပြောဆိုဆက်သွယ်ပါ။ **စခန်း 2W၊ စခန်း 4 (စင်တာ ၂ ခု)၊ ကုတုပါလောင် မှတ်ပုံတင်စခန်း**၊ နှင့် **နယားပါရ မှတ်ပုံတင်စခန်း အားလုံးက** ၂၄ နာရီ ဝန်ဆောင်မှုများ ပေးပါသည်။ **ဂါနာရှာ့စ်သယာ ကန်ဒရို တွင် အမှန်တကယ် အလုပ်လုပ်သည့်** ဟော့တ်လိုင်း ဖုန်းနံပါတ်တစ်ခုလည်းရှိသဖြင့် သင့်မေးခွန်းများမေးရန် ၎င်းတို့အား ဆက်သွယ်နိုင်ပါသည်။

ကောလဟာလများရှာဖွေချယ်ခြင်းသည် ပျံ့နှံ့အင်အားများခြင်းနှင့် ဆက်စပ်နေခြင်းတို့အပေါ်တွင် အခြေခံကာ ဖြစ်ပွားတတ်သည်။ ယခုဖော်ပြထားသောသတင်းများသည် ထုတ်ပြန်သည့်အချိန်တွင် မှန်ကန်ပါသည်။ ပျံ့နှံ့နေသောသတင်းများ ကောလဟာလ ဘူလက်တင် (Flying News Rumour Bulletin) ကို အင်တာနယူး (Internews) HRSM အစီအစဉ်နှင့် အင်တာနယူး (Internews) မှ ပူးပေါင်းထုတ်လုပ်ထားပြီး ဘီဘီစီ မီဒီယာအက်ရှင် (BBC Media Action)၊ နယ်စည်းမခြား ဘာသာပြန်များ (Translators without Borders) တို့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အများဝန်ဆောင်မှုဆိုင်ရာ ယာယီအဖွဲ့အစည်းအတွက် အာမရေိကန်ပြည်ထောင်စုအေဂျင်စီ (United States Agency for International Development and the Consortium Common Service) မှ ငွေကြေးထောက်ပံ့ပေးထားပြီးဖြန့်ဝေသည့်လက်တွဲဖော်အဖွဲ့အစည်းများမှာ အိုင်အိုအမ် (IOM) နှင့် ယူအန် ရွှေ့ပြောင်းရေးအေဂျင်စီ (UN migration agency) တို့ဖြစ်ပြီးအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူကေဌာန (UK Department for International Development) မှ ထောက်ပံ့ပေးထားသည်။